## တိုးတက်လာသည့် မြန်မာ့စီးပွားရေးနှင့် ရှင်းလင်းသည့် ကစားကွင်းစည်းမျဉ်းများ ။

မြန်မာ့ စီးပွားရေးသည် အရှိန် အဟုန်ဖြင့် အဆက်မပြတ် တိုးတက်လျက်ရှိနေရာ၊ ၂၀၁၃ ခုနှစ်အတွက် အမျိုးသားတစ်ဦးချင်းဂျီဒီပီသည် အမေရိကန် ဒေါ်လာ ၈၈၄ ဖြစ်လိမ့် မည် ဟုခန့်မှန်းရပြီး၊ ၂၀၁၂ နှင့် ၂၀၁၁* အတွက် ခန့်မှန်းထားချက်များထက် ၆% ပိုကြောင်းတွေ့ရှိရပါသည်။ ၂၀၁၃ ဇွန်လ ၃၀ အထိစာရင်းများအရ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန် ဒေါ်လာ (၄၂) ဘီလျံခန့် ရှိလာပြီး၊ အဓိကအားဖြင့် စွမ်းအင်၊ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သတ္တုတူးဖော်ရေး နှင့် ကုန်ထုတ်လုပ်ရေး ကဏ္ဍ များတွင် အများဆုံးရင်းနှီးမြှုပ်နှံ ကြကြောင်း တွေ့ရှိရပါသည်။ ဖြစ်ပေါ်နေသည့် စီးပွားရေး အခြေအနေကောင်းများအား ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် ဆက်လက်ပြီး ယခုအတိုင်း နိုင်ငံရေးတည်ငြိမ်မှု ရှိနေမည် ဆိုပါက စီးပွားရေးသည် လည်း ဆက်လက်ဖွံ့ဖြိုးဦးမည်သာဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေး အတွက် ကောင်းသော အခြေခံများမှာ၊ နိုင်ငံ့ လူဦးရေ ခန့် မှန်းခြေ သန်း(၆၀)ကျော် ခန့် ရှိခြင်း၊ များပြားသော သဘာဝ သယံဇာတများရှိခြင်း၊ အားသာ သည့် ပထဝီ အနေအထားရှိခြင်း၊ စီးပွားရေးပိတ် ဆို့ထားမှု အများစု ကို ဖယ်ရှား နိုင်လိုက်ပြီ ဖြစ်ခြင်းနှင့် ကမ္ဘာတွင် ရင်းနှီးမြှုပ်နှံ လိုသည့် အဖွဲ့ အစည်းများက မြန်မာနိုင်ငံ အား အာရှတွင် နောက်ဆုံး ထွန်းတောက်လာမည့် ဈေးကွက် ဟု ယူဆခြင်း တို့ ကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံတော် အစိုးရသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကို အားပေးသည့် လုပ်ဆောင်ချက်များစွာ ကို ဆောင်ရွက် လျက်ရှိပါသည်။ ဦးစွာ နိုင်ငံတော်အစိုးရ အနေဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ကို အားပေးရန် အတွက် လိုအပ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမို များပြားလာစေမည့် ပေါ်လစီများကိုချမှတ်ပြီး အားပေးနေပါသည်။ နိုင်ငံခြားမှအရင်းအနှီးနှင့် ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် မရှိ မဖြစ် လိုအပ်ပါသည်။ ဤလိုအပ်ချက် ကို သိရှိသဖြင့်လည်း မြန်မာနိုင်ငံတော် အစိုးရ အနေဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးပွားလာစေရန် အတွက် အားပေး ဆောင်ရွက် လျက်ရှိနေပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အတွက် အရေးကြီးသည့် အဓိကပင်မ မဏ္ဍိုင် တစ်ခုမှာ ရင်းနှီးမြှုပ်နှံ သူတို့ အတွက် ထင်သာ မြင်သာစေမည့် စည်းမျဉ်း၊စည်းကမ်းများ ရှိရန်လိုအပ်ပါသည်။ ကစားကွင်းတစ်ခုနှင့် ပမာပြုလျှင် ပါဝင်ကစားမည့် သူများ ရှင်းလင်းစွာ နားလည်နေစေရန် ကစားနည်း၊ စည်းမျဉ်း စည်းကမ်းများ သည် ရှင်းလင်း ရန်လိုအပ်ပါမည်။ ဤဥပမာ နှင့် ပင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ကို ဥပဒေရှုထောင့်မှ ကြည့်မည်ဆိုလျှင် (၁) နိုင်ငံတကာကုမ္ပဏီ များအနေဖြင့် စက်မှုလုပ်ငန်းဈေးကွက်

*Burma (Myanmar). International Monetary Fund, April 2013

အတွင်း ဝင်ရောက်ခြင်းကို မည်သည့် ပုံစံ ဖြင့် မည်သို့ဝင်ရောက်လုပ်ကိုင်ခွင့်ရှိကြောင်း၊ (၂) ဈေးကွက်အတွင်းဝင်ရောက် လုပ်ကိုင်ပြီးပါက ၎င်းတို့၏လုပ်ငန်းလည်ပတ်ရာ၌ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ (၃) ရင်းနှီးမြှုပ်နှံ သူများအနေဖြင့် ထိုလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ ပြောင်းလဲ သွားမည် မဟုတ်ဟု ထိုက်သင့်သည့် ယုံကြည်မှုရှိခြင်းနှင့် (၄) စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ကြီးကြပ်သည့်အခါ မျှတမှု ရှိခြင်း တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ကစားကွင်း ၏ စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြီး အများသဘောပေါက်နားလည်စေရန် မပြတ်ကြိုးစားဆောင်ရွက်လျက်ရှိရာ လိုအပ်သည့် ဥပဒေသစ်များ ရေးဆွဲပြဌာန်းလျက် ရှိပါသည်။ သို့သော် ဤ လုပ်ငန်းစဉ်ကြီးမှာ လွယ်ကူလှသည် မဟုတ်ပါ၊ လမ်းကြောင်းတစ်လျှောက်တွင် ဖြတ်သန်းကြုံတွေ့ရမည့် အကွေ့အကောက် အလှည့်အပြောင်းများ လည်း ရှိပါမည်။

အခိုင်အမာ တိုးတက်မှုများကို ပြသရမည် ဆိုလျှင် အထင်ရှားဆုံးသော တိုးတက်မှု များမှာ ၂၀၁၃ခုနှစ် နိုဝင်ဘာလ ၂ ရက် နေ့ တွင် ပြဌာန်းခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ(FIL)၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ တို့ ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (FIL) သည် နိုင်ငံတကာကုမ္ပဏီများက ဝင်ရောက် လုပ်ကိုင်ခွင့် ရှိသောလုပ်ငန်းများနှင့် ဝင်ရောက်လုပ်ကိုင် နိုင်သည့် ပုံစံများကိုအဓိကဖော်ပြထားပါသည်။ အမိန့်ကြော်ငြာစာတွင် လုပ်ငန်းအမျိုးအစားများကို အောက်ပါအတိုင်း စာရင်းများခွဲခြားပြီး ဖော်ပြခဲ့ခြင်းသည် အမိန့် ကြော်ငြာစာ၏ အရေးပါသည့် အားသာချက် တစ်ခုဖြစ်ပါသည်။

စာရင်း(၁)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း ၊ အဆိုပါစာရင်းတွင် ကာကွယ်ရေးကဏ္ဍ၊ လူသားတို့အား ထိခိုက်မှုဖြစ်စေသည့် ဓါတုဗေဒပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ပုံနှိပ်နှင့် အသံလွှင့်မီဒီယာလုပ်ငန်းများ၊ လျှပ်စစ်ဓါတ်အား ကုန်သွယ်ခြင်းလုပ်ငန်းများ၊ ကျောက်စိမ်းရှာဖွေ/ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စသည်တို့ ဖြစ်ပါသည်။ စာရင်း(၂)နိုင်ငံသား/ နိုင်ငံသားပိုင် ကုမ္ပဏီများနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း (ဖက်စပ်လုပ်ကိုင်ရာတွင် "နှစ်ဦးနှစ်ဘက်သဘောတူညှိနိုင်း သည့်" အချိုးအတိုင်းဖြစ်ရမည်ဟုပြဌာန်းထားပါသည်။) ဤစာရင်းတွင် အစားအသောက်နှင့်အဖျော် ယမကာ ထုတ်လုပ်ခြင်း၊ အထွေထွေကုန်ထုတ်လုပ်မှု၊ ကြီးမားသောသတ္တုရှာဖွေ၊ တူးဖော်ခြင်းလုပ်ငန်း

များ၊ ထုတ်ပိုးခြင်း၊ လူနေအိမ်နှင့်စီးပွားရေးအဆောက်အဦးများတည်ဆောက်ခြင်းနှင့် ရောင်းချခြင်း၊ ဆေးရုံလုပ်ငန်းများနှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ စသည် တို့ ဖြစ်ပါသည်။

စာရင်း(၃)သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့်သာဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ၊ဥပမာလေကြောင်းဝန်ဆောင်မှုလုပ်ငန်း၊သင်္ဘောကျင်းလုပ်ငန်းနှင့် ပြည်တွင်းရေကြောင်းသွားလာရေးလုပ်ငန်းများတွင် အစိုး၏ သီးခြားခွင့်ပြုချက် ဖြင့်သာ ရင်းနှီးမြှုပ်နှံနိုင်ပါသည်။

စာရင်း(၄)အခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း (ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက် (သို့) လူမှုရေးထိခိုက်မှု ဆန်းစစ်ချက် ရယူရန် လိုအပ်သည့်လုပ်ငန်းများ၊ဥပမာဆောက်လုပ်ရေးစီမံကိန်း၊ လက်လီရောင်းချခြင်းလုပ်ငန်းများတွင် စူပါမားကက်များ(super markets)၊ ဈေးဝယ်ကုန်တိုက်ကြီးများ (shopping centre)နှင့် စတိုးဆိုင်ကြီးများ(Department store) များကိုသာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်း)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (FIL) ကို ကြီးကြပ်သည့် အစိုးရ အဖွဲ့ အစည်းဖြစ်ရာ အထက်ဖော်ပြပါ ကန့်သတ်ချက်များကို ချွင်းချက်ဖြင့် ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့် အာဏာလည်းရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် အစိုးရ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကများ ပါဝင်ဖွဲ့စည်းထားပြီး၊ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ အလားအလာကို လိုလားသော၊ ပံ့ပိုးထောက်ခံမှုကိုရယူရန် မျှော်လင့်ထားသော်လည်း၊ နိုင်ငံတကာမှ လေ့လာသူများ၏ ထင်မြင်ယူဆချက်မှာအချို့ စီးပွားရေးလုပ်ငန်းများတွင် အစိုးရပေါ်လစီဖြင့် ကန့်သတ်ချက်များ များပြားနေခြင်းသည် ရင်းနှီးမြှုပ်နှံလိုမှုကို အဟန့်အတားဖြစ်စေသည် ဟုဆိုပါသည်။

အစိုးရ၏ ပေါ်လစီအရတားမြစ်ကန့်သတ်ထားပြီး၊ မြန်မာနိုင်ငံသားများနှင့် နိုင်ငံသားပိုင် ကုမ္ပဏီများအတွက် သာ"သီးခြားကန့်သတ်" ထားသည့်အဓိကကဏ္ဍများမှာ ဘဏ်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ(အသေးစားငွေချေးမှုမှလွဲ၍) ၊အာမခံလုပ်ငန်းအမျိုးမျိုး၊ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်း၊ ပညာရေး၊ မော်တော်ကားရောင်းဝယ်ရေး၊ ကုန်ရောင်းဝယ်မှု( MIC၏ ဖွင့်ပြုချက်ဖြင့် နိုင်ငံသားနှင့် ဖက်စပ် ကုမ္ပဏီများမှ ထုတ်လုပ်သည့် ထွက်ကုန်များကို လက်ကားရောင်းဝယ်

ဖေါက်ကားခြင်းမှ အပ) ၊ ကုန်စည် ဖြန့်ဖြူးရေး(MIC ၏ ဖွင့်ပြုချက် ဖြင့် နိုင်ငံသားနှင့် ဖက်စပ်ပြီးထုတ်လုပ်သည့် ကုန်များကို ဖြန့် ဖြူးခြင်းမှ အပ) နှင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းများ၊

၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများ၏ ရည်မှန်းချက် ဖြစ်သောတစ်ခုတည်းသောစီးပွားရေး အသိုင်းအဝိုင်း ဖြစ်စေရေးကို ရည်မှန်းချက်ထား၍ဆောင်ရွက်နေသည်ဖြစ်ရာ၊ ဤစီးပွားရေး လုပ်ငန်းနယ်ပယ်များအတွင်းနိုင်ငံခြားသားရင်းနှီးမြှပ်နှံသူများဝင်ရောက်ခြင်းနှင့် ပတ်သက်သည့် ကန့်သတ်ချက်များသည် လာမည့် နှစ်များအတွင်းလျှော့ကျ သွားလိမ့် မည်ဟုခန့် မှန်းရပါသည်။ဥပမာအားဖြင့် အစိုးရသည်ဘဏ်နှင့်အာမခံလုပ်ငန်း ကဏ္ဍများတွင်နိုင်ငံခြားဘဏ်နှင့် အာမခံလုပ်ငန်းများစီမံချက်နှင့်အညီ တစ်ဆင့်ခြင်းဝင်ရောက်လာရေးဆိုင်ရာ အစီအစဉ်များကို ထုတ်ပြန်ကြေညာပြီးဖြစ်ရာပထမဆင့် ရင်နှီးမြှုပ်နှံမှုကို အားပေးခြင်း၊ဒုတိယဆင့်တွင် ရုံးခွဲများဖွင့်ပြီး အကန့်အသတ်ဖြင့် ဂန်ဆောင်မှုများပြုလုပ်ခွင့်ပေးပြီးနောက်၊ ၂၀၁၅ခုနှစ်တွင် ဂန်ဆောင်မှုအပြည့်အဂ ပေးနိုင်စေမည့် လိုင်စင်များကိုနိုင်ငံခြားကုမ္ပဏီများအား ထုတ်ပေးလိမ့် မည်ဟုမျှော်လင့်ရပါသည်။

အစိုးရအနေဖြင့် မကြာသေးမီကအခြားဥပဒေသစ်များကို ပြဌာန်းခဲ့ရာ၊ နိုင်ငံခြားငွေ လဲလှယ်မှု စီမံခန့်ခွဲရေးဥပဒေ ၂၀၁၂ ခုနှစ် (FEML) သည် ဗဟိုဘဏ် (CBM)၏ ထိန်းချုပ်မှုများတင်းကြပ် လွန်းသည့် နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းများအက်ဥပဒေ ၁၉၄၇ ကိုအစားထိုး ဂင်ရောက်လာပါသည်။ ဥပဒေသစ်အရ နိုင်ငံခြားငွေ ပေးချေမှုများကို အမျိုးအစားနစ်မျိုးခွဲခြားထားပြီး တစ်မျိုးသာလျင် ဗဟိုဘဏ်၏ ခွင့်ပြုချက် ကိုရယူရန် လိုပါသည်။

မကြာသေးမီက ၂၀၁၃ ခုနှစ် ဗဟိုဘဏ် ဥပဒေ အားပြဌာန်းလိုက်ခြင်းဖြင့် ဗဟိုဘဏ် သည် ဘဏ္ဍာရေးနှင့်အခွန် ဂန်ကြီးဌာန ၏ ကန့်သတ်မှုများလျော့လာပြီး ကိုယ်ပိုင်လွတ်လပ် စွာ လုပ်ကိုင်ခွင့် ပိုမိုများပြားလာသလို နိုင်ငံခြားငွေလဲလှယ်ရေးအပါအဂင် ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေ ဈေးကွက်တို့ တွင် လည်း တာဂန် များ ပိုမို ကျယ်ကျယ်ပြန့် ပြန့် ရှိလာပါသည်။

၂၀၁၃ ခုနှစ် Security Exchange Law ကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ တွင် နောက်ဆုံး ပြဌာန်းလိုက်ပါသည်။ ယင်းဥပဒေသည် မြန်မာနိုင်ငံတွင် စတော့ ဈေးကွက် ထူထောင်နိုင်ရေးအတွက် အရေးကြီးသောဥပဒေအခြေခံတစ်ခု ဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ ကုမ္ပဏီများလာရောက် ရင်းနှီးမြှုပ်နှံစေရန် အတွက် အရေးကြီးသည့် အပေါင်းလက္ခဏာတစ်ရပ် ဖြစ်ပါသည်။**

** http://www.cbm.gov.mm/sites/default/files/cbm_law_unofficial_translation_.pdf

အခြားအရေးပါသောခြေလှမ်းတစ်ခုမှာ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၅ ရက် နေ့က မြန်မာနိုင်ငံသည် New York Convention on the Recognition and Enfrocement of Foreign Arbitral Awards ကို ဝင်ရောက်လာသည့် ၁၄၉ နိုင်ငံမြောက် ဖြစ်ပါသည်။ ဤကဲ့သို့ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက် လာရေးအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဥပဒေရေးရာ ပြု ပြင်ပြောင်းလဲမှုတွင် အရေးပါသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါသည်၊ အဘယ်ကြောင့် ဆိုသော် နိုင်ငံတကာမှ ကုမ္ပဏီများသည် ခုံသမာဓိဖြင့် ညှိနှိုင်းဖြေရှင်းမှုကိုစင်္ကာပူနိုင်ငံ ကဲ့ သို့သော ကြားနေ တတိယနိုင်ငံတွင် ပိုမိုဆောင်ရွက် လိုကြ၍ ဖြစ်ပါသည်။

အထက်ဖော်ပြပါတို့သည်အပြုသဘောဆောင်သည့် ခြေလှမ်းများဖြစ်သည်။ သို့ရာတွင် ပိုမို၍ အသေးစိတ်ဆန်းစစ်မည်ဆိုပါက (ဥပမာ FEML အတွက် နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာကိုထုတ်ပြန် ခြင်းမရှိသေးခြင်း) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုမိုတိုးတက်စေရန် နောက်ထပ်ဆောင်ရွက်မှုများ လိုအပ်သေးသည်ဟု ယူဆသူများလည်းရှိပါသည်။

အချုပ်ဆိုရပါလျှင် မြန်မာနိုင်ငံသည် တနေ့တစ်ခြားမြန်မာနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အားလုံး အတွက် အခွင့်အလမ်းများရှိရာမြေ ဖြစ်လာပြီ ဖြစ်ပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံလိုသူတို့ ပိုမို ရှင်းလင်းစွာ သိရှိစေရန်အတွက် ထပ်မံလုပ်ဆောင်ရန် လိုအပ်သည်များလည်း ရှိပါဦးမည်။ ထိုသို့ လုပ်ဆောင်ခြင်း၏ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် အရှိန် အဟုန်ဖြင့် တိုးတက်မှုကိုဆက်လက်ကြုံ တွေ့ နေရမည် ဖြစ်ပါသည်။

ဂီလျံ ဂရင်းလီ Jr. နှင့် ဂျေးမီကက်ဆနီဗာ

ဘာသာပြန်သူ-ဒေါ်ခင်သန္တာ

တည်းဖြတ်သူ-ဒေါ်ကြူကြူနိုင်